# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# ၂၀၀၃ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ

**[နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၃]**

**၁၃၆၄ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်**

**(၂၀၀၃ ခုနှစ်၊ မတ်လ ၁၅ ရက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက် သည်။

## အခန်း (၁)

## အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို **၂၀၀၃ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ**ဟု ခေါ်တွင် စေရမည်။

(ခ) ဤဥပဒေသည် ၂၀၀၂-၂၀၀၃ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

## အခန်း(၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များနှင့်စပ် လျဉ်း၍ ဇယား(၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်း ခံရ သည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၂၀၀၂ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံး စွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ပါ တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအားလွှဲအပ်ဆောင်ရွက်စေနိုင် သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၀၂ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်း ကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၃)

Myanmar Law Information System (MLIS)

**ငွေချေးယူခြင်း**

၄။ ၂၀၀၂ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၁၃ တွင် ဖော်ပြထားသည့် ငွေချေးစာချုပ် ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့် ငွေပမာဏအပြင် နောက်ထပ် ကျပ်သန်း တစ်သိန်းရှစ်သောင်း တိုးမြှင့်လျာထားလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ်ဇယား(၁)

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများဇယား (၂)

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများဇယား (၃)

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 တပ်မြို့စည်ပင်သာယာရေးအဖွဲ့များဇယား (၄)

Myanmar Law Information System (MLIS)